ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၆၁ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ **သီတင်းကျွတ်လပြည့်ကျော်  ၈** ရက်

(၂၀၂၁ ခုနှစ်၊ **အောက်တိုဘာလ ၂၈** ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ တရားလွှတ်တော်ရှေ့နေများကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး/ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး/ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမည်စာရင်း တင်သွင်းသော တရားလွှတ်တော်ရှေ့နေ သုံးဦး — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး/ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းတင်သွင်းသော တရားလွှတ်တော်ရှေ့နေ သုံးဦး — အဖွဲ့ဝင်

( စ ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန အတွင်းရေးမှူး"

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၅ ကို ပယ်ဖျက်ရမည်။

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ ပါ "ပြည်ထောင်စု ရှေ့နေချုပ်ရုံး" ဆိုသည့်စကားရပ်အား "ဥပဒေရေးရာဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ၂၂ ကို အောက်ပါအတိုင်းအစားထိုး ရမည်-

"၂၂။ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တရားလွှတ်တော်ရှေ့နေ များကောင်စီ အဖွဲ့ဝင်များအတွက် စရိတ်ချီးမြှင့်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ